**People's Revolution Alliance (PRA-Magway)**
**လူထုတော်လှန်ရေးမဟာမိတ်**
**မကွေးတိုင်းဒေသကြီး**

# (၇၄) နှစ်မြောက် ချင်းအမျိုးသားနေ့သို့ ပေးပို့သည့် သဝဏ်လွှာ

ရက်စွဲ၊ ၂၀၂၂-ခုနှစ်၊ ဖေဖော်ဝါရီလ (၂၀) ရက်

၁။ ၁၉၅၁ ခုနှစ်မှစ၍ ဖေဖေါ်ဝါရီလ 20 ရက်နေ့တိုင်းနှစ်စဉ်ကျင်းပခဲ့ကြသော ချင်းတိုင်းရင်းသားများကို အစဉ်လေးစားလျှက် ၂၀၂၂-ခုနှစ်၊ ဖေဖော်ဝါရီလ (၂၀) ရက်နေ့ (ယနေ့)တွင် ကျရောက်သည့် ၇၄ ကြိမ်မြောက် ချင်းအမျိုးသားနေ့ကို ဂုဏ်ယူစွာဖြင့် ဤသဝဏ်လွှာကို ပေးပို့ပါသည်။

၂။ ချင်းဒေသတိုင်း၌ နယ်ချဲ့အမွေအုပ်ချုပ်ရေးစနစ်ဟောင်းကိုဖျက်သိမ်းပြီး ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်တည်ထောင်ရန် ဆုံးဖြတ်ခဲ့သည့် ၁၉၄၈-ခုနှစ်၊ ဖေဖော်ဝါရီလ (၂၀)ရက်နေ့၊
ကန်ပက်လက်ဒါဘာပွဲ၌ နယ်ချဲ့ဗြိတိသျှအစိုးရကို ရဲဝံ့စွာဆန့်ကျင်ဆန္ဒပြခဲ့သည့် ၁၉၄၀ခုနှစ် ဖေဖော်ဝါရီလ (၂၀) ရက်နေ့၊ ချင်းအမျိုးသားများပညာမြှင့်တင်ရေးအဖွဲ့ ဖွဲ့စည်း၍ အမျိုးသားဖွံ့ဖြိုး တိုးတက်ရေးအတွက် စတင်လှုပ်ရှားခဲ့သည့် ၁၉၃၈ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၀) ရက်နေ့တို့သည် ချင်းအမျိုးသားတစ်ရပ်လုံးအတွက် အလွန်ထူးခြားဂုဏ်ယူဖွယ်ရာ နေ့ရက်များဖြစ်သည်ဟု ချင်းရေးရာကောင်စီက သုံးသပ်ခံယူလျက် ဤနေ့ထူးနေ့မြတ်ဖေဖော်ဝါရီလ (၂၀) ရက်နေ့ကို ချင်းအမျိုးသားနေ့အဖြစ်သတ်မှတ်ကာ နှစ်စဉ်ဂုဏ်ပြုကျင်းပရန် ၁၉၅၀ ခုနှစ်၊ အောက်တိုဘာလ (၉) ရက်နေ့တွင် ဆုံးဖြတ်ခဲ့ပါသည်။ ထိုသို့သတ်မှတ်ပြီး ပထမဆုံးအကြိမ် ချင်းအမျိုးသားနေ့ကို မင်းတပ်မြို့၌ ၁၉၅၁-ခုနှစ်၊ ဖေဖော်ဝါရီလ (၂၀)ရက် နေ့တွင်စတင်ကျင်းပခဲ့ပေသည်။

၃။ သူ့ကျွန်မခံလိုသောစိတ်ဓာတ်၊ ဒီမိုကရေစီစနစ်ကိုချစ်မြတ်နိုးသောစိတ်ဓာတ်နှင့် အမျိုးသားရေးစိတ်ဓာတ်တို့မှ မွေးဖွား လာခဲ့သော ဤနေ့ထူးနေ့မြတ်မှသည် လွတ်လပ်မှု၊ တရားမျှတမှု၊ တန်းတူညီမျှမှု၊ ကိုယ်ပိုင်ပြဌာန်းခွင့်နှင့် ကိုယ်ကံကြမ္မာ ကိုယ်ဖန်တီးခွင့် အနှစ်သာရများပြည့်ဝသော "ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု" သို့ အတူတကွတိုက်ပွဲဝင်ကြမည်ဟု ယုံကြည်လျှက် ယနေ့ကျရောက်သော (၇၄) နှစ်မြောက် ချင်းအမျိုးသားနေ့ကို ဦးညွှတ်ဂုဏ်ပြုအပ်ပါသည်။

မကွေးတိုင်းဒေသကြီး
People's Revolution Alliance (PRA-Magway)